ရန်ကုန်၊ ဖေဖော်ဝါရီ ၂၆

# ၂၀၁၈ ခုနှစ် ရန်ကုန်ဓာတ်ပုံညှ ဆုချီးမြှင့်ပွဲ

ဖေဖော်ဝါရီ ၂၄ ၊ ပြင်သစ်ယဉ်ကျေးမှုဌာန၌ ကျင်းပသည့် ထင်ရှားသော ဆုချီးမြှင့်ပွဲညခင်းဖြင့် ၁၀ ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံပွဲတော်ကြီးကို ခမ်းနားကြီးကျယ်စွာ ဆင်နွှဲနိုင်ခဲ့ပါသည်။

ယခုနှစ်အတွက် တက်သစ်စနှင့် ပညာရှင်အဆင့် ဓာတ်ပုံဆရာများ ဖန်တီးခဲ့သည့် အကောင်းဆုံးဓာတ်ပုံဇာတ်လမ်း ၁၆ ခုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုး ဦးဆောင်သည့် မြန်မာနှင့် နိုင်ငံတကာမှ ပုဂ္ဂိုလ်များပါဝင်သော အကဲဖြတ်လူကြီးမင်းများရှေ့တွင် ပြသခဲ့ပါသည်။ ဆုရရှိသူများသည် ကင်နွန်ပရော်ဖက်ရှင်နယ် ကင်မရာများနှင့် နယ်သာလန်နိုင်ငံ၊ အမ်စတာဒမ်မြို့တွင် ကျင်းပမည့် ကမ္ဘာ့သတင်းဓာတ်ပုံ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ခွင့်များ ချီးမြှင့်ခြင်းခံခဲ့ရပါသည်။

ပထမဆုံးအကြိမ်အဖြစ် တက်သစ်စနှင့် ပညာရှင် ကဏ္ဍနှစ်ရပ်လုံးအတွက် ပထမဆုများကို အမျိုးသမီးနှစ်ဦးက ရရှိခဲ့ပါသည်။ တက်သစ်စကဏ္ဍအတွက် မသန်စွမ်းဘဝရောက်ရှိခဲ့ရသည့် မစုစုမွန်၏ အတ္တပြုပ္ပတ္တိဓာတ်ပုံဇာတ်လမ်း "I am capable" က ရရှိခဲ့ပြီး ပညာရှင်ကဏ္ဍအတွက် အမျိုးသမီးငယ်များ ကေအိုင်အေတပ်အတွင်း ဝင်ရောက်ကြသည့် အကြောင်း ဆိုင်းမိုင်၏ လက်ရာ "I Feel Safe" ဇာတ်လမ်းက ရရှိခဲ့ပါသည်။ စစ်ရှောင်စခန်းမှ အသက် ၉ နှစ်အရွယ် မသန်စွမ်း ကချင်ကလေးငယ်တစ်ဦးသည်လည်း မိမိအကြောင်းရိုက်ကူးထားသည့်ဓာတ်ပုံတစ်ပုံဖြင့် ဆုရရှိခဲ့ပါသည်။

*facebook.com/myanstories*



**တက်သစ်စ ဓာတ်ပုံပညာရှင်ဆုများ**

ပထမဆု - စုစုမွန်၏ "I am capable"

ဒုတိယဆု - နိုရာနှင့် ညီမျိုးဆက်တို့၏ "The outcasts"

တတိယဆု - ထက်ရဲမာန်နှင့် ခွန်ထွန်းလွင်တို့၏  "Buffalo boy"

စတုတ္ထဆု - ဘောက်ဆိုင်း၏ "Always Higher" by Bawk Seng

ပဉ္စမဆု - နိုင်မျိုးကြိုင်နှင့် မှူးထော်တို့၏ "From birth"

**ပညာရှင်အဆင့် ဓာတ်ပုံပညာရှင်ဆုများ**

ပထမဆု - ဆိုင်းမိုင်၏ "I feel safe"

ဒုတိယဆု - ဉာဏ်ဇေထက်၏ "The Color of Pain"

တတိယဆု - ပြေကျော်အောင်၏ "Give Him A Chance 2"

စတုတ္ထဆု - ကိုမျိုး၏ "Endangered"



အချိန်တိုအတွင်း အားသွန်ခွန်စိုက်ပြုလုပ်ရသည့် သင်တန်းများကျေးဇူးဖြင့် တိုင်းရင်းသားမျိုးနွယ်ပေါင်းစုံမှ လူငယ်အမျိုးသား၊ အမျိုးသမီး ၈၀၀ ကျော်သည် မှတ်တမ်းဓာတ်ပုံပညာရှင်များနှင့် တက်ကြွလှုပ်ရှားနေသည့် အနုပညာရှင်များအဖြစ် မျိုးဆက်သစ်တစ်ခုကို အစပြုနိုင်ခဲ့ပါသည်။ ယင်းတို့သည် လူ့အခွင့်အရေး၊ လူမှုရေးတရားမျှတမှုနှင့် ပတ်ဝန်းကျင်ရေးရာများနှင့်ပတ်သက်၍ အားကောင်းပြီး အပြုသဘောဆောင်သည့် ဓာတ်ပုံဇာတ်လမ်းများကို ယခုအခါ ဖန်တီးထုတ်လုပ်နိုင်စွမ်းရှိကြပြီ ဖြစ်ပါသည်။

ဓာတ်ပုံဇာတ်လမ်းများကို "Myanmar Stories" Facebookစာမျက်နှာတွင် အပတ်စဉ် တင်ဆက်လျက်ရှိပြီး ဇာတ်လမ်းတစ်ခုလျှင် ကြည့်ရှုသူဦးရေ ၁.၃ သန်းခန့် ရှိပါသည်။ *facebook.com/myanstories*

**၂၀၁၈ ခုနှစ် ရန်ကုန်ဓာတ်ပုံပွဲတော်ကို ပြပွဲပေါင်း ၁၀ ရပ်ကျော်ဖြင့် မဟာဗန္ဓုလပန်းခြံနှင့် ပြင်သစ်ယဉ်ကျေးမှုဌာနတို့၌ မတ်လ ၄ ရက်အထိ၊ အတွင်းဝန်များရုံး၌ မတ်လ ၁၁ ရက်အထိ ပြသသွားမည်ဖြစ်ပါသည်။ ရန်ကုန်ဓာတ်ပုံပွဲတော်သည် အရှေ့တောင်အာရှ၌ အကြီးကျယ်ဆုံးသော ဓာတ်ပုံပွဲတော်ကြီး ဖြစ်ပါသည်။**

## ဆက်သွယ်ရန်

Christophe Loviny (အင်္ဂလိပ်) | အနုပညာဒါရိုက်တာ
c.loviny@me.com
ပြေကျော်မြင့် (မြန်မာ) | ပွဲတော်ကျင်းပရေးတာဝန်ခံ
pyaykyawmyint@gmail.com

## အသေးစိတ်သိရှိလိုပါက

www.yangonphoto.com
facebook.com/yangonphotofestival
facebook.com/myanstories

OFFICIAL PARTNERS

GOLD SPONSORS

EVENT PARTNERS

HOTEL PARTNER